ミャンマー語

# ကိုဘေးမြို့တွင် အမှိုက်စွန့်ပစ်နည်း

- အမှိုက်စွန့်ပစ်ရာတွင် သတ်မှတ်ထားသောစည်းကမ်းများရှိပါသည်။
  သတ်မှတ်ထားသောစည်းကမ်းများကို လိုက်နာပါ။
- စည်းကမ်းလိုက်နာပါက မြို့သာယာလှပပါမည်။

## (၁) ကိုဘေးမြို့၏ သတ်မှတ်အိတ် (ကိုဘေးမြို့မှသတ်မှတ်ထားသော အမှိုက်အိတ်) ကို အသုံးပြုပါ။




- သတ်မှတ်အိတ်ကို စတိုးဆိုင်နှင့် ဈေးဝယ်စင်တာများတွင် ဝယ်ပါ။
- အမှိုက်အမျိုးအစား အမျိုးမျိုးရှိပါသည်။
- မတူညီသောအမှိုက်အမျိုးအစားများကို အိတ်တစ်လုံးတည်းတွင် ထည့်၍မစွန့်ပစ်ပါနှင့်။
- အမှိုက်ဆိုင်ရာ သတ်မှတ်အိတ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။




- ဓာတ်ငွေ့ဘူး/စပရေးဘူးများကိုစွန့်ပစ်ရာတွင် အိတ်အကြည် (သို့) အလင်းဖောက်အိတ်ကို သုံးပါ။

## (၂) "ခုလင်းစုတေးရှန်း" တွင် အမှိုက်အိတ်ကိုစွန့်ပစ်ပါ။


- ကိုဘေးမြို့တွင် အမှိုက်စုဆောင်းသည့်နေရာကို "ခုလင်းစုတေးရှန်း (クリーンステーション)" ဟု ခေါ်ဝေါ်ပါသည်။
- ခုလင်းစုတေးရှန်း ဆိုင်းဘုတ်တွင် ရေးသားထားသည့် အမှိုက်အမျိုးအစားကိုသာ စွန့်ပစ်နိုင်ပါသည်။
- ခုလင်းစုတေးရှန်း၏နေရာကို အနီးပတ်ဝန်းကျင်တွင်နေထိုင်သူ၊ မိမိနေထိုင်ရာ
  အိမ်ပိုင်ရှင်/ကြီးကြပ်ရေးတာဝန်ခံထံ မေးမြန်းပါ။




## (၃) အမှိုက်စွန့်ပစ်သည့်နေ့

- မည်သည့်အမျိုးအစားအမှိုက်ကို မည်သည့်အချိန်တွင် စွန့်ပစ်ရမည်ဆိုသည်ကို သတ်မှတ်ထားပါသည်။
- အမှိုက်ပစ်ရမည့်နေ့ကို ခုလင်းစုတေးရှန်း ဆိုင်းဘုတ်တွင် ရေးသားထားပါသည်။

## (၄) အမှိုက်စွန့်ပစ်သည့်အချိန်




- ကိုဘေးမြို့က သတ်မှတ်ထားသောနေ့၏ မနက် ၅နာရီမှ ၈နာရီအတွင်း အမှိုက်ကို စွန့်ပစ်ပါ။

ミャンマー語

# အမှိုက်အမျိုးအစား ခွဲခြားနည်း

## မီးလောင်နိုင်သောအမှိုက်

မီးဖိုချောင်မှ (စားကြွင်းစားကျန်) အမှိုက်



ပလတ်စတစ်အမှိုက်



သစ်သားအမှိုက်



အခြားအမှိုက်



သားရေ၊ အဝတ်အထည် အမှိုက်



## မီးမလောင်နိုင်သောအမှိုက်

ဖန်ခွက်/ကြွေထည်မြေထည်
ပန်းကန်လုံးစသည်များ



သေးငယ်သော
သတ္တုပစ္စည်းအမှိုက်




## ဓာတ်ငွေ့ဘူး/စပရေးဘူး



- ကုန်အောင်သုံးပါ။
- အတွင်းရှိပစ္စည်းကို မြင်နိုင်သည့်အိတ်တွင် ထည့်ပါ။
- ခုလင်းစုတေးရှုန်းတွင် မီးမလောင်နိုင်သောအမှိုက်နှင့် နေရာခွဲပြီးစွန့်ပစ်ပါ။

နမူနာပုံ

မီးမလောင်နိုင်
သောအမှိုက်



ဓာတ်ငွေ့ဘူး
စပရေးဘူး

## သံဘူး/ဖန်ပုလင်း/PET ပလတ်စတစ်ပုလင်း

သံဘူး



ဖန်ပုလင်း



PET ပလတ်စတစ်ပုလင်း





## ထုတ်ပိုးပလတ်စတစ်

## ပစ္စည်းထည့်ခြင်း၊ ထုပ်ပိုးခြင်းတွင်သုံးသည့်ပလတ်စတစ်



ဤအမှတ်အသား ရှိသည်


ခွက်/အထုပ်




ပုလင်း




အိတ်/ထုပ်ပိုးဖလင်ပြား






အသေးစိတ် အမှိုက်စွန့်ပစ်နည်းကို အင်တာနက်စာမျက်နှာတွင် ကြည့်ရှုပါ။